# Gmail Contact များ ပြန် restore လုပ်ခြင်း

**Facebook app က facebook email sync လုပ်တဲ့အခါမှာ ကိုယ့်ရဲ့ email contact တွေကို @facebook.com ဆိုတဲ့ လိပ်စာတွေနဲ့ overwrite လုပ်လိုက်တာမျိုး လုပ်တတ်ပါတယ်။ ဒါပေမဲ့ အဲဒီ contact တွေကို gmail နဲ့ sync လုပ်လိုက်တဲ့အခါ အားလုံးပြန်ရနိုင်ပါတယ်။**




Facebook email sync ကြောင့် ကိုယ်မှတ်သားထားခဲ့တဲ့ ကိုယ့်ရဲ့ contact တွေ ပျက်သွားပါသလား။ သိပ်မစိုးရိမ်ပါနဲ့ gmial က အပြောင်းအလဲ တစ်ခုခုလုပ်ပြီးသွားတိုင်း ရက်ပေါင်း ၃၀ အတွင်း အရင်အတိုင်းပြန်ပြီး restore လုပ်ခွင့်ကိုပေးထားပါတယ်။ ဒီလို လုပ်ဆောင်ချက်တွေကြောင့် gmail ကို အသုံးဝင်တယ်လို့ ပြောကြတာ ဖြစ်ပါတယ်။

အခု email contact တွေကို ဘယ်လိုပြန်ပြီးတော့ ရယူနိုင်မလဲ ဆိုတာကို ဖော်ပြပေးချင်ပါတယ်။ ပထမဆုံး facebook account sync ကို off လုပ်ထားရပါမယ်။ Facebook ထဲက menu ထဲက settings>sync contacts ထဲမှာ သွားပြီးတော့ off လုပ်နိုင်ပါတယ်။ အဲဒီမှာမတွေ့ဘူးဆိုရင်တော့ home screen ကို ပြန်သွားပြီးတော့ menu>settings>accounts and sync ထဲမှာ sync ကို disable လုပ်ထားသလားဆိုတာကို စစ်ကြည့်နိုင်ပါတယ်။

Gmail account ထဲကို ဝင်ပါ။ Gmail ဆိုတာရဲ့ဘေးက မြှားလေးကိုနှိပ်ပြီး သူ့ထဲက contacts ဆိုတာကို ရွေးချယ်လိုက်ပါ။ More ဆိုတာကို နှိပ်ပြီး restore contacts ဆိုတာကို ရွေးလိုက်ပါ။ ကိုယ် facebook နဲ့ sync လုပ်ခဲ့မိတဲ့ အနီးစပ်ဆုံး သူ့ရှေ့က ရက်ကို ရွေးရပါမယ်။ ပြီးရင် restore ဆိုတာကိုနှိပ် လိုက်ရပါမယ်။ ဒါဆိုရင်တော့ email address တွေအားလုံးက သူ့နဂိုပုံစံအတိုင်း gmail ရဲ့ contacts list ထဲမှာ ရှိနေပါလိမ့်မယ်။




ကိုယ့်ရဲ့ phone ပေါ်က account and sync area ကို ထပ်ပြီးတော့ ဖွင့်ရပါလိမ့်မယ်။ ပြီးရင် ကိုယ့်ရဲ့ google account ကို ရွေးပြီးတော့ contact တွေကို sync ပြန်လုပ်ရပါမယ်။

ဒါတွေအားလုံး လုပ်ပြီးသွားရင်တော့ ကိုယ့်ရဲ့ email contact တွေ အတွက် စိတ်ချရပြီဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့ contact တွေကို ဒီလို မျိုးပျောက်ပျက်သွားအောင် လုပ်လိုက်နိုင်တာက facebook တစ်မျိုးတည်း ပဲရှိတယ်လို့တော့ တရားသေ တွက်ထားလို့မရနိုင်ဘူးဆိုတာကို လည်း သိစေချင်ပါတယ်။ ■